NEWS
THE CARTER CENTER
ONE COPENHILL ATLANTA, GA 30307

ချက်ခြင်းသတင်းထုတ်ပြန်ရန်
နိုဝင်ဘာ ၁၀၊ ၂၀၁၅
ဆက်သွယ်ရန်: Soyia Ellison, soyia.ellison@cartercenter.org
Frederick Rawski, frederick.rawski@mail.cceom.org

## ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး မြန်မာပြည်သူများအား ကာတာစင်တာ မှချီးကျူး၊ အဓိကကျသော ဒီမိုကရက်တစ်ပြောင်းလဲမှုများအတွက်လည်းတိုက်တွန်း။

ရန်ကုန် - ရွေးကောက်ပွဲနေ့ နှင့် ယခင်လများအတွင်း ၎င်းတို့၏ နိုင်ငံရေးပိုင်းဆိုင်ရာအခွင့်အရေးကို ဂုဏ်သိက္ခာရှိရှိ စိတ်အားထက်သန်စွာဖြင့် ကျင့်သုံးခဲ့ကြသည့် မြန်မာနိုင်ငံရှိပြည်သူများကို ကာတာစင်တာ မှ ဂုဏ်ပြုအပ်ပါသည်။ ၎င်းတို့သည် ဆန္ဒမဲပေးသူများ၊ လေ့လာစောင့်ကြည့် သူများ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတာဝန်ရှိအရာရှိများ၊ လူမှုအဖွဲ့အစည်းတက်ကြွလှုပ်ရှားသူများ အဖြစ်ဖြင့် ဒီမိုကရေလုပ်ငန်းစဉ်တွင် ပါဝင်ထမ်းဆောင်ကြခြင်းသည့် မှတ်မှတ်သားသားဖြစ်ရုံမက မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြည့်ဝသည့် ရွေးကောက်ပွဲဖြစ်စေမှုကို စနစ်ကျစွာ ဟန့်တားထားသည့်အရာအများအပြားကို ပြန်လည်ထိန်းညှိရန်အတွက် အလွန်အရေးပါလှပါသည်။

ကာတာစင်တာ လေ့လာစောင့်ကြည့်သူများသွားရောက်ခဲ့သည့် နိုင်ငံအနှံ့ ရွေးကောက်ပွဲမဲရုံ (၂၅၀) မှ အများစုတွင် ဆန္ဒမဲကောက်ယူဆောင်ရွက်မှုအား အပြုသဘောဆောင်စွာ အကဲဖြတ်ခြင်းခံရသော မြန်မာနိုင်ငံ၏ အကူးအပြောင်းလုပ်ငန်းစဉ်အစပြုပြီးနောက်ပိုင်းတွင် ပထမဦးဆုံးဖြစ်သည့် အထွေထွေရွေးကောက်ပွဲအား အကြမ်းဖျင်းအားဖြင့် အစဉ်တကျ ငြိမ်းချမ်းစွာဖြင့် ကျင်းပခဲ့ပါသည်။ နိုင်ငံရေးနယ်ပယ်အား ဖွင့်ပေးရန် နှင့် အင်အားကြီးနိုင်ငံရေးပါတီများက ပါဝင်နိုင်ရေး အနည်းဆုံးလက်ခံနိုင်သည့်အခြေခံလိုအပ်ချက်အား တွေ့ရှိနိုင်သည့် ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးနိုင်ရန် ၂၀၁၀ အထွေအထွေရွေးကောက်ပွဲမှစ၍ အရေးပါသောအဆင့်များကို တက်လှမ်းပြီးဖြစ်ပါသည်။ အထူးသဖြင့် မဲဆန္ဒနယ်ပြင်ပတွင် ကြိုတင်မဲပေးမှုကဲ့သို့သော အရေးပါသည့် ချို့ယွင်းချက်များ ရှိသော်လည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ ကဏ္ဍအတော်များများကို နိုင်ငံတကာနှင့်

ပြည်တွင်းရှိနိုင်ငံသား လေ့လာစောင့်ကြည့်သူများကို သွားရောက်လေ့လာမှုပေးထားခြင်းအားဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) သည် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်ကို ပွင့်လင်းမြင်သာမှုအား မှတ်သားဖွယ် သိသာထင်ရှားစွာ တိုးတက်လာစေခဲ့သည်။ ယှဉ်ပြိုင်ကြသည့် နိုင်ငံရေးပါတီများ နှင့် ကိုယ်စားလှယ်လောင်းအတော်များများကို မဲဆန္ဒရှင်များအနေဖြင့် ရွေးချယ်နိုင်ပြီး ပါတီများသည်လည်း နိုင်ငံ၏နေရာအတော်များများတွင် ယင်းတို့၏ သတင်းစကား ကိုလွတ်လပ်စွာ ပြောဆိုနိုင်ခဲ့ပါသည်။ ရလဒ်အားဖြင့် နေရာအများစုတွင် ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်မှုရှိပြီး အဓိပ္ပာယ်ပြည့်ဝခဲ့ပါသည်။ ယင်းသည်မြန်မာနိုင်ငံအတွက် ကောင်းမွန်သည့် တိုးတက်မှုဖြစ်ကာ အနာဂတ်အတွက် အရေးကြီးသော အခြေခံအုတ်မြစ်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အာဏာဖြင့်ထိန်းချုပ်မှုစနစ်မှ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းခြင်းသည် ဆက်လက်သွားလျှက်ရှိပါသော်လည်း ဒီမိုကရေစီစနစ်ဆန်သည့် ရွေးကောက်ပွဲ နှင့် အုပ်ချုပ်မှုအတွက် ကျယ်ပြန့်စွာလက်ခံထားကြသည့် နိုင်ငံတကာစံနှုန်းများနှင့် အပြည့်အဝကိုက်ညီစေရန် ဒီမိုကရေစီ ရေးရာများ ထပ်လောင်း၍ အဆင့်တိုးတက်လာရန်လိုအပ်မည်ဖြစ်ပါသည်။ ရွေးကောက်ပွဲအတွက် ဖွဲ့စည်းပုံနှင့် ဥပဒေရေးရာ မူဘောင်တို့မှာ အလွန်အမင်းမားယွင်းလျှက်ရှိပြီး ရွေးကောက်ခံအဖွဲ့များ၏ အခြေခံဒီမိုကရေစီသဘောသဘာဝကို ကန့်သတ်ချုပ်ချယ်နေကာ ရွေးကောက်ပွဲအား စီမံကြီးကြပ်ဆောင်ရွက်မှုများအပေါ် ပြည်သူများ၏ ယုံကြည်အားထားမှုအား ပျက်စီးအားပျော့စေပါသည်။ ယခင်နှစ်များအတောအတွင်း တိုးတက်မှုများရှိလင့်ကစား လွတ်လပ်စွာပြောဆိုမှု နှင့် စုဝေးမှုတို့အပေါ်တွင် ကန့်သတ်ထားမှုများရှိဆဲဖြစ်ကာ သတင်းသမားများအပေါ် ဖိအားပေးခြင်း နှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းအပေါ်တွင် ကန့်သတ်ချက်အချို့ စသည်တို့ပါဝင်ပါသည်။ အရေးကြီးသည်မှာ နေရာအတော်များများတွင် အတော်ကြာကြာဖြစ်ခဲ့သော လက်နက်ကိုင်ပဋိပက္ခများကို အဆုံးသတ်ခြင်းတွင် အစိုးရသည် ခရီးပေါက်အောင်ပြုလုပ်ခဲ့သည်၊ သို့သော်လည်း အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားပြီး ယင်းနှင့်အတူ လူ့အခွင့်အရေးအား ထိခိုက်သက်ရောက်စေမှု တို့မှာ ဆက်လက်ဖြစ်ပေါ်မြဲဖြစ်ပါသည်။

ထပ်ပေါင်းဆိုရလျှင် မြန်မာနိုင်ငံရှိ အချို့သူများသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် တိုးတက်လာခြင်း ယေဘုယျအခြေအနေမှ ဘေးဖယ်ထားခံနေရဆဲဖြစ်ပါသည်။ ယာယီနိုင်ငံသားကဒ်ပြားကိုင်ဆောင်သူ လူဦးတစ်သန်းသောသူများ အများအားဖြင့် ရိုဟင်ဂျာလူမျိုးတို့ဖြစ်ပြီး၊ အခြားတိုင်းရင်းသားလူ မျိုးတို့လည်းပါဝင်မှုရှိကာ ရွေးကောက်ပွဲတွင်ဆန္ဒမဲထည့်ရမည့် ၎င်းတို့၏အခွင့်အရေးကို ဆုံးရှုံး ခဲ့ကြပါသည်။ ထို ့အတူပင်အခြားသောမဲပေးပိုင်ခွင့်ရှိသည် ့လူများ၊ ဒုက္ခသည်များ၊ ရွှေ ့ပြောင်းလုပ်သားများ နှင့် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ ပါဝင်ပါသည်။ မူဆလင်ဆန် ့ကျင်ရေး လုပ်ရှားမှု များကလည်း မဲဆွယ်စည်းရုံးမှုများအပေါ် ဆိုးကျိုးများ သက်ရောက်စေခဲ့သည်။ ဤအကြောင်း အရာများ သည် လူထုအခြေစိုက်အဖွဲ ့အစည်းများ နှင့်တာဝန်ရှိသူ များမှ မီးမောင်းထိုးပြရန်လို အပ်ပါသည်။

မဲဆန္ဒနယ်ပြင်ပ ကြိုတင် မဲပေးသည်ကို လေ့လာစောင့်ကြည့်သူများ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ လေ့လာခွင့် မရှိခဲ့ပေ။ ကာတာစင်တာ အနေ ဖြင့် UEC ကို မဲဆန္ဒနယ်များ၊ မဲရုံများ အဆင့် တွင် အမြန်ဆုံး ကြေ ငြာပေး စေခြင်းဖြင့် နိုင်ငံတကာ ရွေးကောက်ပွဲ စံနှုန်းများနှင့် အညီ ပွင့်လင်း မြင်သာမှုပိုမိုလာစေရန်ရည်ရွယ်ပါသည်။

ကာတာစင်တာ ၏ လေ့လာစောင့်ကြည့်ရေးလုပ်ငန်း၏ အဓိက တောက်ချက်ချမှုများမှာ
အောက်ပါအချက် များပါဂင်ပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ။ ။ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါအချို့အချက်များသည် အခြေခံကျသော ဒီမိုကရေစီစံနှုန်းများ မကိုက်ညီသည်ကိုတွေ့ရှိရပေသည်။ တပ်မတော်သည် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းကိုတိုက်ရိုက်ခန့်အပ် နိုင်ပြီး ၎င်း တပ်မတော်သား ကိုယ်စားလှယ်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြုပြင်ရေးဆွဲခြင်း ကိုဗီတို အာဏာသုံး ပြီးပယ်ချနိုင်ပြီး သမ္မတ နှင့် ဒုသမ္မတ ကိုတိုက်ရိုက် ခန့်အပ်ခွင့်ရှိပါသည်။ ထို့အပြင် ကာကွယ်ရေးဦးစီးချုပ် သည် ကာကွယ်ရေး၊ ပြည်ထဲရေး နှင့် နယ်စပ်ရေးရာ ဝန်ကြီး တို့ကိုတိုက်ရိုက်ခန့်အပ် နိုင်ပြီး ၎င်းတို့သည် သမ္မတ ထံမှ တိုက်ရိုက်အမိန့်မလိုပေ။

နိုင်ငံသားများ ၏ သမ္မတ ဖြစ်တည် မှုကိုကန့်သတ်ထားခြင်းသည် အတိုက်အခံခေါင်းဆောင်အား တိုက်ရိုက် သက်ရောက်စေခြင်းဆိုသည်မှာသိမြင်လွယ်ပြီး၊ ၎င်းအား သမ္မတရွေးချယ်တင်မြှောက်ခြင်းတွင်ပါဝင်ခြင်းကိုတားမြစ်ထားသည်။

ရွေးကောက်ပွဲဥပဒေများ။ ။ အခြေခံဥပဒေပါကန့်သတ်ချက်များမှလွဲ၍ ရွေးကောက်ပွဲဥပဒေများမှာ ကျင့်သုံးအကောင်ထည်ဖော်သည့်အခါ လက်ခံနိုင်သောရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုဖြစ်လာစေရန် အထောက်အပံ့ဖြစ်သည်ကိုတွေ့ရသည်။သို့သော်လည်းဥပဒေများ သည်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အားလုပ်ငန်းစဉ်များအပေါ် လုပ်ပိုင်ခွင့်အများအပြားပေးထားသည်။ နိုင်ငံရေးခေါင်းဆောင်များ၊ဥပဒေပြုသူများ၊အရပ်ဖက်အဖွဲ့အစည်းများအပါအဂင်ရွေးကောက်ပွဲတာဂန်ရှိသူများအနေဖြင့်အခြေခံကျသောဒီမိုကရေစီရပိုင်ခွင့်များနှင့်လွတ်လပ်ခွင့်ကိုအကာအကွယ်ပေးသောဥပဒေ များဖြစ်လာစေရန် ပြန်လည် သုံးသပ်စဉ်းစားရန်လိုအပ်ပေသည်။နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ်များအားအတည်ပြုလက်မှတ်ရေးထိုးခြင်းသည်အခြေခံကျသောဒီမိုကရေစီ ရပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်ကို သေချာစေသောအရေးကြီးသည့်ခြေလှမ်းဖြစ်သည်။

ရွေးကောက်ပွဲများစီမံခန့်ခွဲခြင်း။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရှုပ်ထွေးသော ရွေးကောက်ပွဲလုပ်ငန်းစဉ်များအားစိန် ခေါ်မှုအချို့မှလွဲ၍အောင်မြင်စွာကိုင်တွယ် နိုင်သည်ကိုတွေ့ရသည်။ ရွေးကောက်ပွဲစီမံခြင်းများသည် ဘက်လိုက်မှုရှိသောရလာဒ်များကို ဦးတည်စေသည့် ဥပဒေနှင့် ဖွဲ့စည်းပုံအရအမှီခိုမကင်းသော်လည်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နှင့်ရွေးကောက်ပွဲ ကော်မရှင်ခွဲများသည်၎င်းတို့၏အလုပ်များအားအရေးကြီးသည့်ချင်းချက်အနည်းငယ်မှအပ ကောင်းမွန်စွာ စေတနာထားဆောင်ရွက်ခဲ့ကြသည်။ နောင်လာမည့်ရွေးကောက်ပွဲများ တွင်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပွင့်လင်းမြင်သာမှုရှိသော ဆုံးဖြတ်ချက်များချမှတ်ခြင်း၊

မဲစာရင်းများ။ ။ မဲစာရင်းများ တိကျမှန်ကန် မှု ရှိခြင်း/မရှိခြင်းသည် ရွေးကောက်ပွဲမတိုင်မီ ကာလတစ်လျှောက် အများဆုံးဆွေးနွေးငြင်းခုံခဲ့ရသော အကြောင်းအရာတစ်ရပ်ဖြစ်သည်။ ပြည်သူများ ကြည့်ရှုစစ်ဆေးနိုင်ရန်အတွက် ကနဦးပိုင်းတွင် ထုတ်ပြန်ခဲ့သော မဲစာရင်းများ မှန်ကန်တိကျမှုမရှိခြင်းအပေါ် နိုင်ငံရေးပါတီများနှင့် အရပ်ဖက်ဆိုင်ရာ အဖွဲ့ ့အစည်းများက ဝေဖန်ထောက်ပြမှုများရှိခဲ့သည်။ သို ့သော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကမူ မဲစာရင်းများနှင့်ပါတ်သက်ပြီး အမှားပြင်ဆင်ခြင်း၊ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းတို ့ ပြုလုပ်ရန်အတွက် တောင်းဆိုမှုများတင်ပြရန်မှာ အများပြည်သူတို ့၏ တာဝန်တစ်ရပ်ဖြစ်သည်ဟု ဆိုမြဲဆိုခဲ့သည်။ ကာတာစင်တာမှ လေ့လာသူများအနေဖြင့် ရွေးကောက်ပွဲနေ ့တွင် မဲပေးခွင့်မရဘဲ ပြန်သွားရသူ ပြောပလောက်အောင် မတွေ ့ခဲ့ရပေ။ သို ့ပါသော်လည်း အနာဂတ်ရွေးကောက်ပွဲများတွင် အလားတူ စိုးရိမ်ပူပန်မှုများကို တတ်နိုင်သရွေ ့လျှော့ချနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲစာရင်းများအား ကြိုတင်စစ်ဆေးမှုပြုလုပ်ခြင်းနှင့် ပြင်ဆင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များအား ကြိုတင်ပြုလုပ်ဆန်းစစ်ခြင်းတို့ ကိုဆောင်ရွက်သင့်ပါသည်။

ကိုယ်စားလှယ်လောင်းနာမည်စာရင်းတင်သွင်းခြင်း။ ။ ကိုယ်စားလှယ်လောင်း နာမည်စာရင်း တင်သွင်းခြင်းနှင့် ပတ်သက်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရွေးချယ်မှုများစွာ ရရှိခဲ့သည်။ သို ့ပါသော်လည်း ကိုယ်စားလှယ်လောင်း စိစစ်ရွေးချယ်ခြင်းလုပ်ငန်းစဉ်များတွင် ချမှတ်သော တစ်ဖက်သတ်ဆုံးဖြတ်ချက်များနှင့် ခွဲခြားဆက်ဆံမှုများကြောင့် မူဆလင်ကိုယ်စားလှယ်လောင်း အများစုအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ စံသတ်မှတ်ချက်များနှင့် မကိုက်ညီနိုင်ဖြစ်ခဲ့ရသည်။ ယင်းကိုယ်စားလှယ်လောင်းများတွင် ၂၀၁၀ က ရွေးကောက်ခံခဲ့သော လက်ရှိလွှတ်တော်ကိုယ်စားလှယ်များလည်း ပါဝင်သည်။

မဲဆွယ်စည်းရုံးခြင်း။ ။ ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးမှုများသည် ရွေးကောက်ပွဲနီး လာသည်နှင့်အမျှ ပိုမိုအားကောင်းလာသော်လည်း ကနဦးပိုင်းတွင်မူ အနည်းငယ်ငြိမ်သက်ကြောင်း

လေ့လာသူများအနေဖြင့် တွေ့ရှိခဲ့သည်။ အတိုက်အခံပါတီသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူထုစည်းဝေးပွဲများနှင့် မဲဆွယ်စည်းရုံးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည်။ လက်ရှိအာဏာရပါတီကမူ ထိုမျှလောက် အများအပြား မပြုလုပ်ခဲ့ပေ။ မဲဆွယ်စည်းရုံးမှုများနှင့် ပတ်သက်ပြီး လွန်ကဲစွာ ကန့်သတ်ထားသော စည်းကမ်းများရှိသော်လည်း နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးမှုများကို လွယ်ကူချောမောစွာ ပြုလုပ်နိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ စီမံအုပ်ချုပ်ရေးအနေဖြင့် စည်းကမ်းများကို သင့်တင့်မျှတစွာ အသုံးပြုနိုင်ခဲ့သည်။ သို့သော်လည်း နိုင်ငံရေးနယ်ပယ်ရရှိနိုင်မှုမှာ မတူညီနိုင်ခဲ့ပါ။ မဲဆန္ဒနယ်အချို့တွင် မဲဆွယ်စည်းရုံးရန်အတွက် နေရာတစ်ခုကို ကိုယ်စားလှယ်လောင်းများအားလုံး တန်းတူညီမျှစွာ အသုံးပြုခွင့် မရခဲ့သည့်အပြင် လူမှုရေးကွန်ရက်တွင်လည်း သရော်စာနှင့် ဓါတ်ပုံများ ရေးသားတင်ပြမှုကြောင့် လူနှစ်ဦးအဖမ်းခံခဲ့ရသည်။

မူဆလင်ဆန့်ကျင်ရေး လုပ်ရှားမှု များကလည်း မဲဆွယ်စည်းရုံးမှုများအပေါ် ဆိုးကျိုးများသက်ရောက်စေခဲ့သည်။ မကြာသေးမီက ပြဋ္ဌာန်းလိုက်သော အမျိုး၊ဘာသာ၊သာသနာ ကာကွယ်ရေး ဆိုင်ရာ ဥပဒေလေးရပ်သည် လက်ရှိအာဏာရပါတီ၊ ရာထူးကြီးအရာရှိများနှင့် မျိုးချစ်ဘာသာရေးအုပ်စုများ၏ အဓိကပြောဆိုသော အကြောင်းအရာများ ဖြစ်ခဲ့သည်။ ဘာသာရေးကို အသုံးချပြီး မဲဆွယ်စည်းရုံးနေမှုများနှင့် ပါတ်သက်၍ အတိုက်အခံပါတီမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တိုင်ကြားခဲ့သော်လည်း တုံ့ပြန်ဖြေရှင်းမှုများ မလုပ်ပေးနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

မဲဆန္ဒနယ်ပြင်ပ ကြိုတင် မဲပေးခြင်း။ ။ ကာတာစင်တာ အနေဖြင့် တပ်မတော်တွင်း နှင့် အခြား လုံခြုံရေးဆိုင်ရာဌာနများ နှင့် အခြား ဌာနဆိုင်ရာ များ ကြိုတင် မဲပေးခြင်း ကို လေ့လာခွင့်မရ သောကြောင့် စိတ်မကောင်း ဖြစ်မိသော်လည်း ကြိုတင် မဲပေးခြင်း ကို လေ့လာခွင့်မရ ခြင်း မှာအလေးထား စဉ်းစားစရာ ဖြစ်ပြီး အချို့သောဒေသများ တွင် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲများ အဆမတန်များ ပြားနေသည် ကိုတွေ့ရှိရပါသည်။ အနာဂတ် ရွေးကောက်ပွဲများ တွင်ဖြစ်ပေါ် လာ နိုင်သော အငြင်းပွားမှု များကိုကြိုတင်ကာကွယ်နိုင်ပြီးယုံကြည် မှုရှိစေရန် ကြိုတင် မဲပေးခြင်း ကို လေ့လာခွင့် ပြုသင့်သည်ဟုထင်မြင်ပါသည်။

အမျိုးသမီးများပါဝင်မှုကဏ္ဍ။ ။ အမျိုးသမီးများ ပါဝင်မှုသည် အလွန်တရာနည်းပါး ပါသည်။ (ရွေးကောက်ခံ ၆၀၃၉ ဦးအနက် ၈၀၀ ဦး သာ အမျိုးသမီးများ ဖြစ်ပါသည်။ ရွေးကောက်ပွဲများကျင်းပရာ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တွင်အမျိုးသမီး တစ်ဦးသာပါဝင်လျှက်ရှိပြီး ရွေးကောက်ပွဲကော်မရှင်ခွဲများတွင်လည်း အမျိုးသမီးဦးရေအနည်းငယ်သာပါဝင်သည်ကိုတွေ့ရပါ သည်။

သွားရောက်လေ့လာခဲ့သောမဲရုံများတွင်၇၅ ရာခိုင်နှုန်းခန့်သောမဲရုံဂန်ထမ်းအများစု ဟာအမျိုးသမီးများ ဖြစ်တာကို တွေ့ရပါတယ်။

ရွေးကောက်ပွဲလေ့လာခြင်း။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ပြည်တွင်းနှင့် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများအား ဥပဒေအရမလိုအပ်သော်လည်း ဖိတ်ခေါ်ပြီး ကျယ်ပြန့်သော ရွေးကောက်ပွဲလုပ်ငန်းစဉ်များကိုလေ့လာခွင့် ပေးခဲ့သော ဆုံးဖြတ်ချက်အား အသိအမှတ်ပြုရမှာဖြစ်သလို မြန်မာနိုင်ငံ၏ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အတွက် အလွန်တရာမှအပြုသဘောဆန်သောအပြောင်း အလဲဖြစ်တာကိုတွေ့ရပါသည်။ ဒါဟာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင်ပြည်သူလူထု၏ ယုံကြည်မှု တိုးတက်လာအောင်ဆောင်ရွက်ရာ၌ အရေးတကြီး လိုအပ်သော ပွင့်လင်းမြင်သာမှုအဖြစ်တွေ့ရသည်။

ကာတာစင်တာ၏ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲမတိုင်မီလများ စွာကြို တင်ကာတိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးသို့သွားရောက်ပြီး ရွေးကောက်ပွဲအကြိုအခြေအနေများနှင့် ပြင်ဆင်မှုများအား ဆန်းစစ်လေ့လာမှုများကိုကွင်းဆင်းလေ့လာခဲ့ပါသည်။ ရွေးကောက်ပွဲနေ့မှာတော့ ကာတာစင်တာ၏ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲလုပ် ငန်းစဉ်များအားလုံးကို အချို့သောချွင်းချက်များမှလွဲ၍ ကျယ်ပြန့်စွာ လေ့လာခွင့်ရခဲ့ပါသည်။ သွားရောက်လေ့လာခဲ့သောမဲရုံအားလုံးတွင် ပါတီကိုယ်စားလှယ်များ ရှိနေသည်ကိုတွေ့ရပါသည်။ ရွေးကောက်ပွဲနေ့တွင် စောင့်ကြည့်လေ့လာမှုများအား အနှောက်အယှက်မဖြစ်စေသော်လည်း စောင့်ကြည့်လေ့လာသူများကိုလုံခြုံရေးတာဂန်ရှိသူများမှ သိသာစွာလိုက်လံထောက်လှမ်း စောင့်ကြည့် ခံရခြင်း မှာစိတ်မကောင်းစရာဖြစ်ပြီး အလုံးစုံပွင့်လင်း မြင်သာမှုရှိ သောလုပ်ငန်းစဉ် များဖြစ်ရန်ကတိပြုထားခြင်းအား မသေချာသည့် အခြေအနေ သို့ရောက်စေသည်။

ရွေးကောက်ပွဲနောင်းပိုင်းအားစောင့်ကြည့်လေ့လာခြင်း။ ။ ကာတာစင်တာ၏ရွေးကောက်ပွဲနေ့ စောင့်ကြည့်လေ့လာခြင်းအစီရင်ခံစာများအရ ရွေးကောက်ပွဲနေ့မဲပေးခြင်းနှင့် မဲရေတွက်ခြင်းလုပ်ငန်းစဉ် များမှာအပြုသဘောဆောင်ပြီး အရေးကြီးသောအချက်မှာ အချို့မဲဆန္ဒနယ်များရှိမဲရေတွက် ခြင်းရလာဒ်များ၊ နောက်ဆုံးတရားဂင်ရလာဒ်များအားစိစစ်ခြင်းနှင့်ထုတ်ပြန်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ကန့်ကွက်တိုင်ကြားခြင်း များအားဖြေရှင်းခြင်း စသောအဓိကကျသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ် စာပိုဒ်များကိုပြီးမြောက်အောင် လုပ်ဆောင်ရန်အရေးကြီးသည်။ ကာတာစင်တာ၏စောင့်ကြည့်ခြင်း လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျှက်ရှိပြီးစောင့်ကြည့်သူများသည် လာမည့်ရက် အနည်းငယ်အတွင်းထပ်မံထုတ်ပြန်မည့်အစီရင်ခံစာများနှင့်အတူ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ကိုဆက်လက်အကဲဖြတ်သွားနေမည်ဖြစ်သည်။

ကြိုတင်မဲပေးခြင်းတွင်လုံခြုံရေးအကာကွယ်များတိုးမြှင့်စီမံပေးခြင်း၊ မဲရေတွက်ခြင်း များကိုပိုမိုပွင့်လင်းမြင်သာအောင်ဆောင်ရွက်ခြင်း နှင့် ကန့်ကွက်တိုင်ကြားခြင်း များအားကိုင်တွယ်ခြင်း စသည်တို့တွင် တိုးတက်ဆောင်ရွက်ရန်လိုအပ်သည်။

**နောက်ခံသမိုင်းကြောင်း**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ၏ ဖိတ်ကြားချက်အရ ကာတာစင်တာကို ရန်ကုန်မြို့၌ ဖွင့်လှစ်ခဲ့ပြီး လေ့လာ စောင့်ကြည့်သူ ၆၂ ဦး ကို စာရင်းတင်သွင်းပြီးအသိအမှတ်ပြုခံရပါသည်။

ကာတာစင်တာကို ၂၀၁၃ မှစတင် ပြီး ရန်ကုန် တွင်ရုံးဖွင့်ထားရှိခဲ့ပါသည်။ ကာတာစင်တာ၏ ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေးမစ်ရှင် ကို ကာတာစင်တာ၏ ဥက္ကဌလောင်း ဂျေဆင်ကာတာ၊ အိုက်ယာလန် နိုင်ငံသမ္မတဟောင်း မေရီ ရိုဘင်ဆန် နှင့် အတူ နီပေါနိုင်ငံ ရွေးကောက်ပွဲကော်မရှင် အငြိမ်းစားဥက္ကဌ ဘိုရဲချ်ရဲချ် ပိုကာရယ်လ် တို့ ကဦးဆောင်လာ ပါသည်။ ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေးမစ်ရှင်ကိုလည်း ဩဂုတ်လအစပိုင်းမှ စတင်ခဲ့ပါသည်။ ရန်ကုန်တွင် အခြေစိုက်သည့် ပင်မအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးသို့ တာဝန်ထမ်းဆောင်သော ရေရှည် လေ့လာစောင့်ကြည့်သူ (၆)ဦးတို့ ပါဝင်သည်။ ရွေးကောက်ပွဲနေ့တွင် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ရေတို လေ့လာစောင့်ကြည့်သူများ ၆၂ ဖြင့် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ရှိ မဲရုံပေါင်း (၂၄၅) သို့ ရွေးကောက်ပွဲ၏မဲဆန္ဒပေးခြင်း၊ မဲရေတွက်ခြင်း၊ မဲစုပေါင်းခြင်း တို့ကိုလေ့လာစောင့်ကြည့်ရန် စေလွှတ် ခဲ့ပါသည်။ ရွေးကောက်ပွဲ အပြီး တွင်လည်း ဆက်လက်လေ့လာစောင့်ကြည့် သွားရန်စီစဉ်ထား ပါသည်။ ကာတာစင်တာသည် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဖြစ်စဉ်ကို ပြည်တွင်းရွေးကောက်ပွဲ ဥပဒေမူဘောင်နှင့် နိုင်ငံတကာစာချုပ်များမှ ဆင်းသက်လာသည့် နိုင်ငံတကာ ရွေးကောက်ပွဲ စံနှုန်းများနှင့် နှိုင်းယှဉ်ပြီး ဆန်းစစ်နေပါသည်။ ကာတာစင်တာ၏ လေ့လာစောင့်ကြည့်မှုကို နိုင်ငံတကာ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်မှု အခြေခံသဘောတရား ကြေညာစာတမ်းနှင့် အညီ အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲလေ့လာရေး စံနှုန်းများ၊ UN တွင် ၂၀၀၅ ခုနှစ် ကအသိအမှတ်ပြုထားသည့် ယုံကြည်ရသည့် ရွေးကောက်ပွဲ များ ကိုလေ့လာသည့် ကျင့်ဝတ်စည်းမျဉ်းစည်းကမ်း အခြေခံအသုံးပြု၍ ဆောင်ရွက် ပါသည်။

ကာတာစင်တာမြန်မာပြည်ရွေးကောက်ပွဲစောင့်ကြည့်ခြင်းမစ်ရှင်၏ရည်ရွယ်ချက်သည်ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံး၏အရည်အသွေးနှင့်ပတ်သက်၍ဘက်လိုက်မှုမရှိပဲဆုံးဖြတ်ရန်ဖြစ်ပြီးမြန်မာပြည်သူများ၏အားလုံးပါဝင်နိုင်မှုအားမြှင့်တင်ရန်နှင့်ရှေ့ဆက်မည့်ပြောင်းလဲမှုကိုအားပေးရန်ပြသခြင်းဖြစ်သည်။တိုင်းပြည်၏တရားဥပဒေမူဘောင်များနှင့်သာမကနိုင်ငံတကာစံနှုန်းများနှင့်ပါကိုက်ညီ၍စစ်မှန်သောဒီမိုကရေစီကျရွေးကောက်ပွဲဖြစ်မဖြစ်ကိုအကဲဖြတ်ခြင်းဖြစ်သည်။

###

ကာတာစင်တာ

"ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်၊ ရောဂါဘယကို တိုက်ဖျက်၊ မျှော်လင့်ချက် တည်ဆောက်"

အကျိုးအမြတ်အတွက် မဟုတ်သော၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည့် ကာတာစင်တာကို နိုင်ငံပေါင်း ၈၀ ကျော်မှ ပြည်သူများ၏ဘဝကို ပိုမိုကောင်းမွန်လာစေရန် ပဋိပက္ခများကို ဖြေရှင်းခြင်း၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးများနှင့် စီးပွားရေး အခွင့်အလမ်း တိုးမြှင့်စေခြင်း၊ ရောဂါဘယများမှ ကာကွယ်ပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ပိုမို ကောင်းမွန်လာစေခြင်းတို့ဖြင့် ကူညီပေးပါသည်။ ကမ္ဘာတစ်ဝန်းတွင် ငြိမ်းချမ်းရေးနှင့် ကျန်းမာရေးကို တိုးမြှင့်ပေးနိုင်ရန် ကာတာစင်တာကို ၁၉၈၂ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု သမ္မတဟောင်း ဂျင်မီကာတာနှင့် ဇနီး ရိုဇလင်းတို့မှ အီမိုရီတက္ကသိုလ်နှင့် မိတ်ဖက်ဖွဲ့ကာ တည်ထောင်ခဲ့ပါသည်။ ဤ ရွေးကောက်ပွဲသည် ကာတာစင်တာ၏ ရွေးကောက်ပွဲပေါင်း စောင့်ကြည့် လေ့လာမှု အကြိမ် (၁၀၁) ကြိမ်မြောက် ဖြစ်ပါသည်။